စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# သခွားမွှေးသီး

# (Fresh melons)

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

# အမှတ်စဉ် (၀၀၁၉)

(HS-Code 080719)

Fresh melons















March 2020

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## PRODUCT : 080719  Fresh melons

(HS-Code 080719)

Fresh melons


### ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်

၂၀၁၈ ခုနှစ်၌ ကမ္ဘာ့အများဆုံးတင်သွင်းသော(၁၀) နိုင်ငံ

**Fig 1: Top 10 World importers in 2018**


| No | Importers | Value Imported in 2018 (US$,000) | Quantity Imported in 2018(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | United States of America | 402870 | 654665 | 615 | 20.9 |
| 2 | France | 188220 | 160638 | 1172 | 9.8 |
| 3 | Netherlands | 187556 | 204976 | 915 | 9.7 |
| 4 | United Kingdom | 181779 | 172725 | 1052 | 9.4 |
| 5 | Germany | 165348 | 132803 | 1245 | 8.6 |
| 6 | Canada | 102160 | 158786 | 643 | 5.3 |
| 7 | Spain | 69875 | 85940 | 813 | 3.6 |
| 8 | Belgium | 62284 | 42268 | 1474 | 3.2 |
| 9 | Iraq | 53173 | 128725 | 413 | 2.8 |
| 10 | Switzerland | 43323 | 25242 | 1716 | 2.3 |
| 11 | other | 467659 | 539196 | –9224 | 24.4 |
| 12 | World Total | 1924247 | 2305964 | 834 | 100 |

Source : ITC TradeMap




List of importing countries for the selected product in 2018

Product : 080719 Fresh melons (excluding watermelons)



၁။ ၂၀၁၈ခုနှစ်တွင် (HS.Code–080719) သခွားမွှေးသီး အား အများဆုံး တင်သွင်းခဲ့သော ကမ္ဘာ့ထိပ်တန်း ၁၀နိုင်ငံမှာ အမေရိကန်၊ ပြင်သစ်၊ နယ်သာလန်စ်၊ အင်္ဂလန်၊ ဂျာမဏီ၊ ကနေဒါ၊ စပိန်၊ ဘယ်လဂျီယမ်၊ အီရတ်၊ ဆွတ်ဇာလန်တို့ဖြစ်ကြသည်ကို ITC Trade Map အရသိရှိရသည်။ အမေရိကန်၏ ၂၀၁၈ ခုနှစ် သွင်းကုန်တန်ဖိုး စုစုပေါင်းမှာ ကန်ဒေါ်လာ ၄၀၂ ဒသမ ၈၇၀ သန်း ရှိပြီး ကမ္ဘာ့သခွားမွှေးသီးဈေးကွက်၏ ဈေးကွက်ဝေစု ၂၀ ဒသမ ၉ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် ပြင်သစ်က သွင်းကုန် တန်ဖိုးကန်ဒေါ်လာ ၁၈၈ ဒသမ ၂၂၀ သန်းဖိုးတင်သွင်း၍ ဈေးကွက် ဝေစု ၉ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ နယ်သာလန်စ်က ကန်ဒေါ်လာ ၁၈၇ ဒသမ ၅၅၆ သန်းဖိုး တင်သွင်း၍ ဈေးကွက်ဝေစု ၉ ဒသမ ၇ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိသည်။ အလားတူ အင်္ဂလန်၊ ဂျာမဏီ၊ ကနေဒါ၊ စပိန်၊ ဘယ်လဂျီယမ်၊ အီရတ်၊ ဆွတ်ဇာလန်တို့က အစဉ်လိုက်ရပ် တည်လျက်ရှိကြသည်။ ကမ္ဘာ့သခွားမွှေးသီး တင်သွင်းသည့် နိုင်ငံပေါင်း (၁၇၃) နိုင်ငံရှိပြီး ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံ၏ တစ်တန်ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် ဆွတ်ဇာလန်က ဝယ်ယူသည့်ဈေးမှာ အမြင့်ဆုံးဖြစ်ပြီး ဘယ်လဂျီယမ်က ဒုတိယ၊ ဂျာမဏီက တတိယ၊ ပြင်သစ်က စတုတ္ထနှင့် အင်္ဂလန်က ပဥ္စမတို့ဖြစ်ကြသည်။

### မြန်မာ့သခွားမွှေးသီး တင်ပို့သည့် ထိပ်တန်းနိုင်ငံ (၂၀၁၈)

Fig 2: Top 1 Importers of Myanmar in 2018

| Importer Countries | Value Imported in 2018 (US$,000) | Quantity Imported in 2018 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| China | 27285 | 11273 | 2420 | 100 |

Source : ITC TradeMap

၂။ ၂၀၁၈ခုနှစ်တွင် မြန်မာ့သခွားမွှေးသီးအား အများဆုံးတင်ပို့ရောင်းချခဲ့သည့်နိုင်ငံမှာ ITC Trade Map အရ တရုတ်နိုင်ငံဖြစ်သည်။

### ၂၀၁၄ခုနှစ်မှ ၂၀၁၈ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံကပြည်ပသို့ သခွားမွှေးသီ တင်ပို့မှု

၃။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ သခွားမွှေးသီး တင်ပို့မှုပမာဏနှင့် တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

# ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ သခွားမွှေးသီး တင်ပို့မှုတန်ဖိုးပြဇယား

**Fig 3: List of exporters for the selected product**
**Product: 080719 Fresh melons**

Unit : US Dollar thousand

| NO | Exporters | Exported value in 2014 | Exported value in 2015 | Exported value in 2016 | Exported value in 2017 | Exported value in 2018 |
|---|---|---|---|---|---|---|
| 1 | Spain | 340278 | 300944 | 330080 | 324932 | 361416 |
| 2 | Guatemala | 170776 | 150454 | 182345 | 141614 | 235914 |
| 3 | Netherlands | 186109 | 149845 | 149184 | 172110 | 185297 |
| 4 | United States of America | 135850 | 125798 | 124886 | 130929 | 137457 |
| 5 | Brazil | 151817 | 154299 | 148741 | 162916 | 136051 |
| 6 | Mexico | 100495 | 101996 | 102829 | 97987 | 80241 |
| 7 | China | 75178 | 138617 | 149553 | 100561 | 78637 |
| 8 | Morocco | 48113 | 45523 | 38426 | 52748 | 68897 |
| 9 | Iran, Islamic Republic of | 38573 | 25267 | 44981 | 30094 | 68854 |
| 10 | France | 85249 | 77133 | 69843 | 68021 | 66944 |
| 11 | Myanmar | 28890 | 14928 | 21815 | 27066 | 27285 |
| 12 | other | 325003 | 291486 | 295406 | 312808 | 331381 |
| 13 | World Total | 1686331 | 1576290 | 1658089 | 1621786 | 1778374 |

Source: ITC Trade Map

မူရင်းဇယားတွင် မြန်မာနိုင်ငံသည်  အမှတ်စဉ် (၁၄) တွင်ရှိပါသည်။

## ၂၀၁၄ခုနှစ်မှ ၂၀၁၈ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ သခွားမွှေးသီး တင်ပို့မှုပမာဏပြဇယား

**Fig 4: List of exporters for the selected product**
**Product: 080719 Fresh melons**

| No | Exporters | 2014 Exported quantity, Tons | 2015 Exported quantity, Tons | 2016 Exported quantity, Tons | 2017 Exported quantity, Tons | 2018 Exported quantity, Tons |
|---|---|---|---|---|---|---|
| 1 | Spain | 404234 | 440203 | 443395 | 440992 | 405722 |
| 2 | Guatemala | 419151 | 371489 | 455336 | 370102 | 397520 |
| 3 | Honduras | 246109 | 219115 | 208085 | 230079 | 235775 |
| 4 | United States of America | 199373 | 173628 | 177707 | 211594 | 203790 |
| 5 | Brazil | 196850 | 223746 | 224688 | 233653 | 197596 |
| 6 | Iran, Islamic Republic of | 83446 | 57548 | 127680 | 86152 | 163577 |
| 7 | Netherlands | 141848 | 140921 | 139695 | 152631 | 160387 |
| 8 | Mexico | 142146 | 147705 | 157070 | 142199 | 132744 |
| 9 | Costa Rica | 135040 | 129734 | 124574 | 115703 | 115357 |
| 10 | Morocco | 44335 | 39358 | 39821 | 56445 | 59111 |
| 11 | Myanmar | 24266 | 14266 | 8786 | 11111 | 11273 |
| 12 | other | 327988 | 322186 | 330978 | 282290 | 313918 |
| 13 | World Total | 2364786 | 2279899 | 2437815 | 2332951 | 2396770 |

Source: ITC Trade Map

**မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၂၀) တွင်ရှိပါသည်။**

၄။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်တွင် သခွားမွှေးသီး တင်ပို့သောနိုင်ငံ ၁၄၈ နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ပမာဏအားဖြင့် တင်ပို့မှုတွင် အဆင့် ၂၀ နှင့် တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့် ၁၄ နေရာများတွင်ရှိနေပါသည်။

## အာရှထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၈)

**Fig 5: Top 10 Asia Importers in 2018**

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value (USD/Unit) | Market Share % |
|---|---|---|---|---|
| Iraq | 53173 | 128725 | 413 | 2.8 |
| Viet Nam | 34057 | 20462 | 1664 | 1.8 |
| Japan | 27178 | 27222 | 998 | 1.4 |
| United Arab Emirates | 24232 | 34135 | 710 | 1.3 |
| Singapore | 14583 | 15872 | 919 | 0.8 |
| Russian Federation | 9864 | 12360 | 798 | 0.5 |
| Kuwait | 9762 | 9330 | 1046 | 0.5 |
| Oman | 5884 | 10987 | 536 | 0.3 |
| Saudi Arabia | 5269 | 6807 | 774 | 0.3 |
| Bahrain | 4357 | 6890 | 632 | 0.2 |

Source : ITC TradeMap


၅။ ၂၀၁၈ ခုနှစ်တွင် သခွားမွှေးသီးကို အာရှနိုင်ငံများအနက် အများဆုံးဝယ်ယူလျက်ရှိသော နိုင်ငံများမှာ အီရတ်၊ ဗီယက်နမ်၊ ဂျပန်၊ ယူအေအီး၊ စင်ကာပူ၊ ရုရှား၊ ကူဝိတ်၊ အိုမန်၊ ဆော်ဒီအာရေဗျ၊ ဘာရိန်းတို့ဖြစ်ကြသည်။ အီရတ်သည် ၂၀၁၈ ခုနှစ်တွင် သွင်းကုန်တန်ဘိုး ကန်ဒေါ်လာ ၅၃ ဒသမ ၁၇၃ သန်းဖိုးနှင့် အရေအတွက် ၁၂၈၇၂၅ တန်ဖြင့် အများဆုံးဝယ်ယူခဲ့ပြီး ဗီယက်နမ်က ကန်ဒေါ်လာ ၃၄ ဒသမ ၀၅၇ သန်းဖိုးနှင့် အရေအတွက် ၂၀၄၆၂ တန်ဖြင့် ဒုတိယ အများဆုံး၊ ဂျပန်က ကန်ဒေါ်လာ ၂၇ ဒသမ ၁၇၈ သန်းဖိုး၊ အရေအတွက် ၂၇၂၂၂ တန်ဖြင့် တတိယ အများဆုံး ဝယ်ယူလျက်ရှိကြောင်းတွေ့ရသည်။ ထို့နောက် ယူအေအီး၊ စင်ကာပူ၊ ရုရှား၊ ကူဝိတ်၊ အိုမန်၊ ဆော်ဒီအာရေဗျ၊ ဘာရိန်းတို့က အစဉ်လိုက်ရှိကြသည်။

## ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၈)

## Fig 6. Top 10 World exporters in 2018


| Exporter Countries | Value Exported in 2018 (US$,000) | Quantity Exported in 2018(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Spain | 361416 | 405722 | 891 | 20.3 |
| Guatemala | 235915 | 397520 | 593 | 13.3 |
| Netherlands | 185297 | 160387 | 1155 | 10.4 |
| United States of America | 137457 | 203790 | 675 | 7.7 |
| Brazil | 136051 | 197596 | 689 | 7.7 |
| Mexico | 80241 | 132744 | 604 | 4.5 |
| China | 78637 | 50575 | 1555 | 4.4 |
| Morocco | 68897 | 59111 | 1166 | 3.9 |
| Iran, Islamic Republic of | 68854 | 163577 | 421 | 3.9 |
| France | 66944 | 38576 | 1735 | 3.8 |
| Myanmar | 27285 | 11273 | 2420 | 1.5 |

Source : ITC TradeMap



List of exporting countries for the selected product in 2018

Product : 080719 Fresh melons (excluding watermelons)




၆။ ၂၀၁၈ ခုနှစ်တွင် သခွားမွှေးသီး (HS.Code–080719)အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ စပိန်၊ ဂွာတီမာလာ၊ နယ်သာလန်စ်၊ အမေရိကန်၊ ဘရာဇီး၊ မက္ကဆီကို၊ တရုတ်၊ မော်ရိုကို၊ အီရန်၊ ပြင်သစ်တို့ဖြစ်ကြသည်။ စပိန်က ကန်ဒေါ်လာ ၃၆၁ ဒသမ ၄၁၆ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၂၀ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေ သည်ကိုတွေ့ရသည်။ ဒုတိယနေရာရှိ ဂွာတီမာလာက ကန်ဒေါ်လာ ၂၃၅ ဒသမ ၉၁၅ သန်းဖိုး ရောင်းချ နိုင်ပြီး ဈေးကွက်ဝေစု ၁၃ ဒသမ ၃ ရာခိုင်နှုန်း၊ တတိယနေရာရှိ နယ်သာလန်စ်က ကန်ဒေါ်လာ ၁၈၅ ဒသမ ၂၉၇ သန်းဖိုးနှင့် ဈေးကွက်ဝေစု ၁၀ ဒသမ ၄ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် အမေရိကန်၊ ဘရာဇီး၊ မက္ကဆီကို၊ တရုတ်၊ မော်ရိုကို၊ အီရန်၊ ပြင်သစ်တို့က အစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေနှင့် ပြင်သစ်က ပထမ၊ တရုတ်က ဒုတိယ၊ မော်ရိုကို ကတတိယ၊ နယ်သာလန်စ်က စတုတ္ထနှင့် စပိန်က ပဉ္စမတို့ဖြစ်ကြသည်။ ကမ္ဘာ့ သခွားမွှေးသီး တင်ပို့သော နိုင်ငံ (၁၁၂) နိုင်ငံ ရှိပြီး မြန်မာနိုင်ငံက အဆင့်(၁၄) နေရာတွင်ရှိသည်။

**EU နိုင်ငံများမှ** သခွားမွှေးသီး **တင်သွင်းမှု**

၇။ ၂၀၁၈ ခုနှစ်တွင် သခွားမွှေးသီး အများဆုံးတင်သွင်းခဲ့သော EU ထိပ်တန်း (၅) နိုင်ငံမှာ ပြင်သစ်၊ နယ်သာလန်စ်၊ အင်္ဂလန်၊ ဂျာမဏီ၊ စပိန်တို့ဖြစ်ကြပြီး၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ (၅) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းနှင့် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် (၂) နှစ်တာကာလအတွင်းတန်ဖိုးအားဖြင့်တင်သွင်းမှုရာခိုင်နှုန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်–

**Fig 7. Top Five EU Importers with the Biggest Growth in value**

**Between 2014 and 2018**

| Importers | Annual growth in value between 2014–2018 (%) | Annual growth in value between 2017–2018 (%) |
|---|---|---|
| France | -1 | -2 |
| Netherlands | -1 | 4 |
| United Kingdom | 2 | 8 |
| Germany | 3 | 17 |
| Spain | 1 | 4 |

source : ITC Trade Map

၈။ သခွားမွေးသီး အများဆုံး တင်သွင်းသောEUထိပ်တန်း (၅) နိုင်ငံ၏ ၂၀၁၈ခုနှစ်အတွက် တင်သွင်းမှုပမာဏနှင့်တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစု အခြေအနေများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည် –

**Fig 8. Top Five Fresh melons Importers of EU in 2018**

| Importers | Select your indicators | | | |
|---|---|---|---|---|
| | Value imported in 2018 (USD thousand) | Quantity imported in 2018 | Unit value (USD/unit) | Share in world imports (%) |
| European Union (EU 28) Aggregation | 1092986 | 1045579 | 1045 | 56.8 |
| France | 188220 | 160638 | 1172 | 9.8 |
| Netherlands | 187556 | 204976 | 915 | 9.7 |
| United Kingdom | 181779 | 172725 | 1052 | 9.4 |
| Germany | 165348 | 132803 | 1245 | 8.6 |
| Spain | 69875 | 85940 | 813 | 3.6 |

source : ITC Trade Map

၉။ ၂၀၁၈ ခုနှစ်တွင် EU နိုင်ငံများအနေနှင့် သခွားမွေးသီး တင်သွင်းမှုပမာဏသည် ၁၀၄၅၅၇၉ တန် ဖြစ်ပြီးတန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၀၉၂ ဒသမ ၉၈၆ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ ၅၆ ဒသမ ၈ ရာခိုင်နှုန်းဈေးကွက်ဝေစုရယူထားပါသည်။

## သွင်းကုန်ခွန်လေ့လာချက်

၁၀။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် တရုတ်က MFN duties သုညဒသမ ၁၂ ရာခိုင်နှုန်း၊ ASEAN Countries နှင့် 3 LDC Countries တို့အတွက် သုညရာခိုင်နှုန်း၊ ဆော်ဒီအာရေဗျက MFN duties သုညရာခိုင်နှုန်း၊ ဂျပန်က MFN duties သုညဒသမ ၀၆ ရာခိုင်နှုန်း၊ ASEAN Countries နှင့် LDC Countries တို့အတွက် သုညရာခိုင်နှုန်း၊ ကိုရီးယားက MFN duties သုညဒသမ ၄၅ ရာခိုင်နှုန်း၊ ASEAN Countries အတွက် သုညဒသမ ၀၅ ရာခိုင်နှုန်း၊ LDC Countries အတွက် သုညရာခိုင်နှုန်း၊ ပြင်သစ်၊ နယ်သာလန်စ်၊ အင်္ဂလန်၊ ဂျာမဏီ၊ စပိန်တို့က MFN duties သုညဒသမ ၀၈၈ ရာခိုင်နှုန်း၊ LDC Countries အတွက် သုညရာခိုင်နှုန်း သတ်မှတ်ထားကြောင်းလေ့လာတွေ့ရှိရပါသည်။

**Tariff Rate of Fresh melons**

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| China | MFN duties (Applied) | 0.12 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for 3 Least Developed Countries | 0 |
| Saudi Arabia | MFN duties (Applied) | 0 |
| Japan | MFN duties (Applied) | 0.06 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for Least Developed Countries | 0 |
| Korea | MFN duties (Applied) | 0.45 |
| | Preferential tariff for ASEAN countries | 0.05 |
| | Preferential tariff for Least Developed Countries | 0 |
| France | MFN duties (Applied) | 0.088 |
| | Preferential tariff for Least Developed Countries | 0 |
| Netherland | MFN duties (Applied) | 0.088 |
| | Preferential tariff for Least Developed Countries | 0 |
| United Kingdom | MFN duties (Applied) | 0.088 |
| | Preferential tariff for Least Developed Countries | 0 |
| Germany | MFN duties (Applied) | 0.088 |
| | Preferential tariff for Least Developed Countries | 0 |
| Spain | MFN duties (Applied) | 0.088 |
| | Preferential tariff for Least Developed Countries | 0 |

Source: Market Access Map

## အလားအလာရှိသော ဈေးကွက်တစ်ခုစီလေ့လာချက်

### တရုတ်ဈေးကွက်

**Fig 9 : Top 6 world exporters to China in 2018**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Myanmar | 27285 | 11273 | 2420 | 99.8 |
| Taipei, Chinese | 29 | 15 | 1933 | 0.1 |
| Czech Republic | 10 | 1 | 10000 | 0 |
| Hong Kong, China | 5 | 3 | 1667 | 0 |
| Thailand | 2 | 0 | | 0 |
| Brazil | 2 | 2 | 1000 | 0 |

Source : ITC Trade Map

### ဆော်ဒီအာရေဗျဈေးကွက်

**Fig 10: Top 10 world exporters to Saudi Arabia in 2018**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Jordan | 1562 | 3333 | 469 | 29.6 |
| United States of America | 715 | 243 | 2942 | 13.6 |
| Ecuador | 674 | 76 | 8868 | 12.8 |
| India | 669 | 855 | 782 | 12.7 |
| Egypt | 466 | 786 | 593 | 8.8 |
| Yemen | 443 | 820 | 540 | 8.4 |
| Sudan | 222 | 311 | 714 | 4.2 |
| Oman | 126 | 144 | 875 | 2.4 |
| Australia | 125 | 46 | 2717 | 2.4 |
| Thailand | 83 | 29 | 2862 | 1.6 |

Source : ITC Trade Map

ဂျပန်ဈေးကွက်

**Fig 11: Top 8 world exporter to Japan in 2018**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Mexico | 14832 | 17582 | 844 | 54.6 |
| United States of America | 4741 | 4418 | 1073 | 17.4 |
| Guatemala | 2589 | 1883 | 1375 | 9.5 |
| Honduras | 2237 | 1416 | 1580 | 8.2 |
| Australia | 1523 | 792 | 1923 | 5.6 |
| Costa Rica | 648 | 952 | 681 | 2.4 |
| Korea, Republic of | 593 | 178 | 3331 | 2.2 |
| Italy | 12 | 2 | 6000 | 0 |

Source : ITC TradeMap

ကိုရီးယားဈေးကွက်

**Fig 12: Top 1 world exporter to Korea, Republic in 2018**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| United States of America | 2095 | 1759 | 1191 | 100 |

Source : ITC TradeMap

အင်္ဂလန်ဈေးကွက်

Fig 13: Top 10 world exporter to United Kingdom in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Brazil | 57342 | 62587 | 916 | 31.5 |
| Spain | 47589 | 56850 | 837 | 26.2 |
| South Africa | 20693 | 2697 | 7673 | 11.4 |
| Honduras | 16331 | 16067 | 1016 | 9 |
| Netherlands | 11107 | 10750 | 1033 | 6.1 |
| Germany | 10361 | 6017 | 1722 | 5.7 |
| Costa Rica | 9774 | 11267 | 867 | 5.4 |
| Italy | 2574 | 2262 | 1138 | 1.4 |
| Egypt | 1516 | 212 | 7151 | 0.8 |
| Ireland | 1240 | 748 | 1658 | 0.7 |

Source : ITC TradeMap

ဂျာမဏီ ဈေးကွက်

Fig 14: Top10 world exporter to Germany in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Spain | 78164 | 65366 | 1196 | 46.8 |
| Brazil | 33471 | 24899 | 1344 | 20.1 |
| Costa Rica | 19906 | 14504 | 1372 | 11.9 |
| Italy | 16292 | 14413 | 1130 | 9.8 |
| Honduras | 6666 | 4303 | 1549 | 4 |
| Turkey | 6344 | 5794 | 1095 | 3.8 |
| France | 2227 | 1390 | 1602 | 1.3 |
| Morocco | 974 | 513 | 1899 | 0.6 |
| United States of America | 540 | 391 | 1381 | 0.3 |
| Iran, Islamic Republic of | 349 | 622 | 561 | 0.2 |

Source : ITC TradeMap

## မြန်မာနိုင်ငံအတွက်အလာအလာအကောင်းဆုံးဈေးကွက်များရွေးချယ်ခြင်း

၁၁။ ကမ္ဘာပေါ်တွင် သခွားမွှေးသီးအများဆုံးတင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် အမေရိကန်သည် ကမ္ဘာ့ သခွားမွှေးသီး အများဆုံးဝယ်ယူသော နိုင်ငံဖြစ်ပြီး၊ တစ်ကမ္ဘာလုံး၏ ဈေးကွက်ဝေစု ၂၀ ဒသမ ၉ ရာခိုင်နှုန်းရရှိထားသည်။ ဒုတိယ ပြင်သစ်က ဈေးကွက်ဝေစု ၉ ဒသမ ၈ ရာခိုင်နှုန်း၊ တတိယ နယ်သာလန်စ်က ဈေးကွက်ဝေစု ၉ ဒသမ ၇ ရာခိုင်နှုန်းရရှိနေသည်။ မြန်မာနိုင်ငံမှ သခွားမွှေးသီးများကို ယခုလက်ရှိအချိန်တွင် အများဆုံးတင်ပို့နေသော နိုင်ငံမှာ တရုတ်ဖြစ်ကြောင်း ITC Trade Data အရသိရသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာ့ သခွားမွှေးသီးကို အများဆုံးဝယ်ယူသောနိုင်ငံမှာ တရုတ်ဖြစ်ပြီး ဈေးကွက်ဝေစု ၁၀၀ ရာခိုင်နှုန်းရရှိနေသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ပို့ကုန်ထိပ်တန်းစာရင်းမဝင်သော်လည်း တရုတ်သို့ တင်ပို့မှုတွင် အဆင့် ၁ နေရာတွင်စာရင်းဝင်လျက်ရှိသည်။ ဆော်ဒီအာရေဗျ၊ ဂျပန်တို့သည် အာရှထိပ်တန်းနိုင်ငံများဖြစ်နေခြင်း၊ ကိုရီးယားသည် အာရှနိုင်ငံဖြစ်ခြင်း၊ ဂျာမဏီ၊ အင်္ဂလန်တို့သည် ကမ္ဘာ့ဝယ်လိုအားနှင့် အီးယူဝယ်လိုအား ထိပ်တန်းနိုင်ငံများဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၁၇-၂၀၁၈ ၂နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံများသို့ တင်သွင်းမှုတွင် မြန်မာမပါဝင်သေးခြင်းတို့ကြောင့် ဆော်ဒီအာရေဗျ၊ ဂျပန်၊ ကိုရီးယား၊ ဂျာမဏီ၊ အင်္ဂလန်တို့သို့ ဈေးကွက်ထိုးဖောက်သင့်ပါသည်။